**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ DMA/SSE/NM/၀၈/၂၀၂၄
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၉ ရက်

အကြောင်းအရာ။ **ရေကြောင်းကန့်သတ်နယ်မြေ (Marine Exclusive Zone) အဖြစ်သတ်မှတ်ကြေညာခြင်းနှင့် ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ (၁) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၄-၄-၂၀၂၄ရက်စွဲပါ စာအမှတ်၊ ပဆ-၂/ရက(DMA) Notice (၄/၄၈)
(၂) စွမ်းအင်ဝန်ကြီးဌာန၏ ၂၉-၃-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ MOE-၁/၃(လုံခြုံရေး)(၁၉၂၅)/၂၀၂၄

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ထုတ်လုပ်ရေးပလက်ဖောင်းအသစ်များဖြစ်သည့် Well Head Platform 12 ၊ 13 ၊ 14 နှင့် 15 တို့အား ဆောက်လုပ်တည်ဆောက်ပြီးစီးပြီဖြစ်သောကြောင့် ပင်လယ်ရေကြောင်း သွားလာမှုများ အန္တရာယ်မှကင်းရှင်းစေရန်နှင့် မတော်တဆထိခိုက်မှုလျော့ပါးစေရန်အတွက် ရေကြောင်းကန့်သတ်နယ်မြေ (Marine Exclusive Zone) အဖြစ် သတ်မှတ်ကြေညာပေးရန် တင်ပြလာပါသည်။

၂။ ရေကြောင်းကန့်သတ်နယ်မြေ (Marine Exclusive Zone) ကြေညာလိုသည့် ဇောတိက ထုတ်လုပ်ရေးပလက်ဖောင်း Well Head Platform 12 ၊ 13 ၊ 14 နှင့် 15 တို့၏ တည်နေရာ Coordinate များနှင့် အဝန်းအဝိုင်းတို့၏ Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **Well Head Platform 12 ၊ 13 ၊ 14 နှင့် 15 တို့၏ တည်နေရာ Coordinate များ**

| Point | Latitude | Longitude |
|---|---|---|
| Zawtika WP12 | 14° 11' 52.722'' N | 95° 36' 43.544'' E |
| Zawtika WP13 | 14° 29' 07.834'' N | 95° 59' 22.828'' E |
| Zawtika WP14 | 13° 59' 54.321'' N | 95° 47' 45.419'' E |
| Zawtika WP15 | 14° 16' 26.992'' N | 95° 05' 12.935'' E |

(ခ) **Zawtika Controlled Area Coordinate** များ

| Point | Latitude | Longitude |
|---|---|---|
| A | 14° 33' 50.000'' N | 96° 00' 05.000'' E |
| B | 14° 12' 36.000'' N | 96° 14' 47.000'' E |
| C | 14° 00' 00.000'' N | 95° 56' 00.000'' E |
| D | 14° 00' 00.000'' N | 95° 51' 00.000'' E |
| E | 13° 56' 39.000'' N | 95° 51' 00.000'' E |
| F | 13° 53' 33.000'' N | 95° 46' 24.000'' E |
| G | 14° 13' 35.000'' N | 95° 31' 14.000'' E |

၃။ သို့ဖြစ်ပါ၍ Well Head Platform 12 ၊ 13 ၊ 14 နှင့် 15 တို့အတွက် ပင်လယ်ရေကြောင်းသွားလာမှုများ အန္တရာယ်မှကင်းရှင်းစေရန်နှင့် မတော်တဆထိခိုက်မှုလျော့ပါးစေရန်အတွက် အထက်ဖော်ပြပါ တည်နေရာ Coordinate များအား ရေကြောင်းကန့်သတ်နယ်မြေ (Marine Exclusive Zone) အဖြစ် သတ်မှတ်ကြေညာအပ်ပါကြောင်းနှင့် ၎င်းတည်နေရာ အနီးတစ်ဝိုက်တွင် သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)